ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | ဥရောပပါလီမန်အဖွဲ့က AI chatbots၊ ဆိုရှယ်မီဒီယာများကို အသုံးပြုရန် အနိမ့်ဆုံးအသက် သတ်မှတ်ခြင်း။ | ၅-၆ |
| ၃။ | ဆိုက်ဘာမှုခင်းဆန့်ကျင်ခြင်းနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည် မြှင့်တင်နိုင်မှု အပေါ် ဥရောပသမဂ္ဂ၏ပံ့ပိုးကူညီမှုများ။ | ၇-၉ |
| ၄။ | ဥရောပသမဂ္ဂတရားရုံးမှ Amazon သည် တိုးမြှင့်သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းများကိုလိုက်နာရန် လိုအပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း။ | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ )　　　၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ အကောက်ခွန်ဖြတ်သန်းသယ်ဆောင်မှု (Customs Transit) ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ၊ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများသတ်မှတ်ခြင်းတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၂၅ ဖြင့်ထုတ်ပြန်ခဲ့သောဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ၏ အခန်း (၁၆) ဒေသဆိုင်ရာအညွှန်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲငယ်(၂)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများသတ်မှတ်သည့် အမိန့်ကြော်ငြာစာတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

ဤနည်းဥပဒေတွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင် လျှောက်ထားခြင်း၊ လျှောက်ထားချက်ကို စိစစ်ဆေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊ ပြန်လည် လျှောက်ထားခြင်း၊ စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း၊ လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း၊ လျှောက်ထားချက်ကို ကန့်ကွက်ခြင်း၊ မှတ်ပုံတင် ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ မှတ်ပုံတင်စာရင်းကိုပြင်ဆင်ခြင်း၊ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင် ထားခြင်းကို တရားမဝင်ကြောင်းကြေညာခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဒေသဆိုင်ရာအညွှန်း အမှတ်အသား၊ ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ အထွေထွေစသည်ဖြင့် အခန်း (၁၄)ခန်း၊ လျှောက်လွှာပုံစံ (၁၅)ခု တို့ကို ပါဝင်ထုတ်ပြန်ဖော်ပြထား ပါသည်။

ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ပေးရန်လျှောက်ထားရာတွင် လျှောက်ထားသည့်အဖွဲ့အစည်းသည် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ လျှောက်လွှာပုံစံ (GI-1) ဖြင့် ဦးစီးဌာနကသတ်မှတ်သည့် အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုမှဖြစ်စေ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည် ဖြစ်ပါသည်။

ယင်းသို့လျှောက်ထားရာတွင် လျှောက်လွှာပုံစံ (GI-1) ပါ ပူးတွဲတင်ပြရမည့်သတ်မှတ်ချက် စာအုပ်တွင် ဒေသဆိုင်ရာအညွှန်းအဖြစ် အကာအကွယ်ရယူမည့်အမည်၊ ဒေသဆိုင်ရာအညွှန်း လျှောက်ထားသောထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းဆိုင်ရာဖော်ပြချက် (မှတ်ချက်၊ ကုန်ကြမ်း ပစ္စည်းများနှင့် ယင်းကုန်ကြမ်းပစ္စည်းများ၏အဓိကရုပ်ပိုင်းဆိုင်ရာ၊ ဓာတ်ပစ္စည်းဆိုင်ရာ၊ အဏုဇီဝ ဆိုင်ရာ သို့မဟုတ် အာရုံခံထိတွေ့နိုင်မှုဆိုင်ရာ ဝိသေသလက္ခဏာရပ်များရှိခဲ့လျှင် ဖော်ပြပေးရမည်)၊ ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းသည် သတ်မှတ်ထား သောဒေသမှ စတင်ပေါ်ပေါက်ကြောင်း ဖော်ပြချက်၊ ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းကိုရရှိသည့်နည်းလမ်းဖော်ပြချက်၊ ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်း၏

တိကျစွာသတ်မှတ်ထားသော အရည်အသွေး၊ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသ လက္ခဏာများ၊မူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့၏ဆက်စပ်မှုကိုဖော်ပြထားသော အသေးစိတ်အချက်အလက်များ၊နည်းဥပဒေခွဲ(င)တွင်ရည်ညွှန်းထားသော ဆက်စပ်မှုနှင့်စပ်လျဉ်း၍ ကန့်သတ်ထားသော ပထဝီဝင်ဧရိယာ၊ ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်း၏ စစ်ဆေးချက်ရလဒ်၊ ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သတ်မှတ်ချက်စာအုပ်ပါဖော်ပြချက်များ ကိုက်ညီမှုန်ကန်ကြောင်းစစ်ဆေးသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏အမည်နှင့်လိပ်စာ၊ ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့်ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းကို ထုတ်လုပ်မှုနည်းစဉ်အတိုင်း ထုတ်လုပ်ရန် ထိန်းချုပ်သည့်နည်းလမ်း၊ ဒေသဆိုင်ရာအညွှန်းအဖြစ်ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းအတွက် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ အခြားသောအချက်အလက်များ(ရှိလျှင်)စသည့်ဖြင့် အချက်(၁၁)ချက်ပါအချက်အလက်များပါဝင်ရမည် ဖြစ်ပါသည်။

ထို့ပြင် သတ်မှတ်ချက်စာအုပ်တင်ပြရာတွင်လည်း ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းသည် သတ်မှတ်ထားသောဒေသမှ စတင်ပေါ်ပေါက်ကြောင်း သက်သေခံအထောက်အထားများ၊ ထုတ်ကုန် သို့မဟုတ် ကုန်ပစ္စည်းနှင့် သက်မှတ်ချက်စာအုပ်ပါ ဖော်ပြချက်များကိုက်ညီမှန်ကန်ကြောင်း သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းက အသိအမှတ်ပြုထားသော စာရွက်စာတမ်းများပါ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

## ဥရောပပါလီမန်အဖွဲ့က AI chatbots ၊ ဆိုရှယ်မီဒီယာများကို အသုံးပြုရန် အနိမ့်ဆုံးအသက် သတ်မှတ်ခြင်း

ဥရောပပါလီမန်အဖွဲ့သည် Online Platforms ကို အသုံးပြုမှုတွင် အသက်အရွယ်နှင့် သင့်လျော်မှုရှိစေရန်အလို့ငှာ ဆိုရှယ်မီဒီယာနှင့် AI chatbots ကိုအသုံးပြုခြင်း အနိမ့်ဆုံးအသက်အား ၁၆ နှစ်ဟု သတ်မှတ်သည့်ဆုံးဖြတ်ချက်တစ်ခုကို ၂၆-၁၁-၂၀၂၅ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

ဥရောပကော်မရှင်က အများပြည်သူများထံမှ စစ်တမ်းကောက်ယူခဲ့သည့် ၂၀၂၅ ခုနှစ် Eurobarometer စစ်တမ်းတွင် ဥရောပနိုင်ငံသားများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကလေးများအား အွန်လိုင်းအသုံးပြုမှုမှ အကာအကွယ်ပေးရန် အရေးတကြီး လိုအပ်နေကြောင်း၊ ဆိုရှယ်မီဒီယာများ၏ ဆိုးကျိုးအနေဖြင့် စိတ်ကျန်းမာရေးထိခိုက်မှုသည် ၉၃ ရာခိုင်နှုန်း၊ အွန်လိုင်းပေါ်တွင် အနိုင်ကျင့်မှုပြုခြင်း ၉၂ ရာခိုင်နှုန်းရှိပြီး အသက်အရွယ်နှင့်မလျော်ညီသော အွန်လိုင်းအသုံးပြုခြင်းကန့်သတ်ရန် ထိရောက်သောနည်းလမ်းများ လိုအပ်နေကြောင်း ဖော်ပြထားပါသည်။

ဥရောပပါလီမန်အဖွဲ့၏အစီရင်ခံစာတွင် လူငယ် ၉၇ ရာခိုင်နှုန်းသည် နေ့စဉ် အွန်လိုင်း အသုံးပြုကြပြီး အသက် ၁၃ နှစ်မှ အသက် ၁၇ နှစ်အရွယ်လူငယ် ၇၈ ရာခိုင်နှုန်းသည် ၎င်းတို့၏ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းစသည့်စက်ပစ္စည်းများကို အနည်းဆုံး တစ်နာရီတစ်ကြိမ် ကြည့်ရှုလေ့ရှိကြောင်း၊ တစ်ချိန်တည်းတွင် အရွယ်မရောက်သေးသူ ၄ ဦးတွင် ၁ ဦးသည် ငယ်ရွယ်သူများ၏စွဲလမ်းမှုကို ပြသသောအပြုအမူဖြစ်သည့်ပြဿနာဖြစ်ဖွယ်ရှိသော သို့မဟုတ် ပုံမှန်မဟုတ်သည့် ပုံစံများဖြင့် စမတ်ဖုန်းအသုံးပြုမှုရှိနေကြောင်း ဖော်ပြထားပါသည်။

ဥရောပပါလီမန်အဖွဲ့ဝင်များသည် ကလေးသူငယ်များ၏ အာရုံစူးစိုက်နိုင်စွမ်းအား များစွာ ထိခိုက်စေနိုင်သည့်အပြင် စွဲလမ်းမှုမြင့်မားစေနိုင်သည့် အွန်လိုင်း၏လွှမ်းမိုးမှုများမှ အပြည့်အဝ ကာကွယ်ပေးရန်အတွက်ရည်ရွယ်သည့် အရွယ်မရောက်သေးသူများအွန်လိုင်းအသုံးပြုရာတွင် ကြုံတွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအန္တရာယ်များကိုစိုးရိမ်ကြောင်း ဖော်ပြထားသည့်

ဥပဒေပြုရေးမဟုတ်သောအစီရင်ခံစာကို ထောက်ခံမဲ ၄၈၃ မဲ၊ ကန့်ကွက်မဲ ၉၂ မဲနှင့် ကြားနေမဲ ၈၆ မဲဖြင့် အတည်ပြုခဲ့ပါသည်။

အဆိုပါမူကြမ်းသည် ဥရောပသမဂ္ဂစည်းမျဉ်းများကို မလိုက်နာသောဝက်ဘ်ဆိုက်များကို လုံးဝပိတ်ဆို့ရန်နှင့် အတု သို့မဟုတ် မသင့်လျော်သော အကြောင်းအရာများကို ဖန်တီးနိုင်သော AI tools များကို ကိုင်တွယ်ရန်လည်း အဆိုပြုထားပါသည်။

ဥရောပပါလီမန်အဖွဲ့၏ဝက်ဘ်ဆိုက်ပေါ်တွင်ထုတ်ဝေခဲ့သော ထုတ်ပြန်ချက်တစ်ခုအရ ဥပဒေပြုသူများသည် မိဘများ၏သဘောတူမှုဖြင့် ၁၃ နှစ်မှ ၁၆ နှစ်အရွယ်များကို အွန်လိုင်းအသုံးပြုခွင့်ပေးပြီး ဆိုရှယ်မီဒီယာ၊ ဗီဒီယိုမျှဝေသော ပလက်ဖောင်းများနှင့် AI နည်းပညာများကိုအသုံးပြုခွင့်အတွက် အနိမ့်ဆုံးအသက် ၁၆ နှစ် ရှိရမည်ဖြစ်သည်။

ဤကဲ့သို့ ဥရောပပါလီမန်၏အွန်လိုင်းအသုံးပြုမှုအတွက် အသက်အရွယ်ကိုကန့်သတ်ခြင်းအားဖြင့် အွန်လိုင်းအသုံးပြုမှုကြောင့်ဖြစ်ပေါ်နေသည့် ကလေးသူငယ်များ၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ လျော့နည်းသွားမည်ဖြစ်ပြီး ပညာရေးနှင့်သင်ယူမှုအပေါ် ပိုမိုအာရုံစိုက်နိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.europarl.europa.eu/news/en/press-room/20251120IPR31496/children-should-be-at-least-16-to-access-social-media-say-meps
- https://www.reuters.com/legal/litigation/european-lawmakers-seek-eu-wide-minimum-age-access-ai-chatbots-social-media-2025-11-26/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

## ဆိုက်ဘာမှုခင်းဆန့်ကျင်ခြင်းနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်နိုင်မှုအပေါ် ဥရောပသမဂ္ဂ၏ပံ့ပိုးကူညီမှုများ

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဥရောပသမဂ္ဂ၊ အလုပ်သမားများနှင့်ပြည်ထဲရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂဆိုက်ဘာမှုခင်းဆန့်ကျင်ရေးကွန်ဗင်းရှင်းကို မကြာသေးမီက အတည်ပြုခဲ့ပြီးဖြစ်၍ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံပေါင်း ၇၂ နိုင်ငံမှ လက်မှတ်ရေးထိုးကာ စွမ်းရည်များမြှင့်တင်ရေးနှင့် နည်းပညာဆိုင်ရာအကူအညီများအားကောင်းလာရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါကွန်ဗင်းရှင်းက ဆိုက်ဘာမှုခင်းများကို တားဆီးနှိမ်နင်းရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အားကောင်းစေရန်ရည်ရွယ်ပြီး ကွန်ဗင်းရှင်းတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပြင် မိမိ၏ကိုယ်ရေးအချက်အလက်များကိုအကာအကွယ်ပေးသည့် အခွင့်အရေးများလည်းပါဝင်သည်။ ထို့ပြင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းတို့နှင့် တစ်ညီတစ်ညွတ်တည်းသဘောတူထားသည့်စံနှုန်းများလည်းပါဝင်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ ကွန်ဗင်းရှင်းပါစည်းကမ်းချက်များကို ထိရောက်စွာအသုံးပြုနိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် ကွန်ဗင်းရှင်း၏မှန်ကန်သောနည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်မည့်အဓိကအချက်ဖြစ်ကြောင်း သိရှိရပါသည်။

ဥရောပသမဂ္ဂသည် ယူရို ၇၈ သန်းအကုန်အကျခံ၍ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေးအတွက် အဓိကထားဆောင်ရွက်နေသည့် စီမံကိန်း၁၂ ခုကို ထောက်ပံ့ပေးလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်မှု(GLACY-e)စီမံကိန်းသည် ဆိုက်ဘာမှုခင်းများကို စုံစမ်းစစ်ဆေးရသော ရဲအရာရှိများ၏စွမ်းရည်ကိုအားကောင်းစေပြီး ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ကြသည့်စီမံကိန်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ဆိုက်ဘာမှုခင်းနှင့်ဆက်စပ်သည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရဲအရာရှိ ၁၈၅၀ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် အာရှနှင့်အင်ဒို-ပစိဖိတ်ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး (ESIWA+) စီမံကိန်းသည် အာရှနှင့်အင်ဒို-ပစိဖိတ်မိတ်ဖက်နိုင်ငံများ၏ လုံခြုံရေးနှင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေသည်။ ဥပမာအားဖြင့် မလေးရှားတွင် အဓိကထားပံ့ပိုးကူညီသည့် ပေါ်လစီဆွေးနွေးပွဲများမှတစ်ဆင့် ESIWA+ သည် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် မလေးရှားအမျိုးသားဆိုက်ဘာလုံခြုံရေးအေဂျင်စီနှင့်အတူ ၂၀၂၄ ခုနှစ်တွင် ဆိုက်ဘာလုံခြုံရေးအက်ဥပဒေကို လက်ခံကျင့်သုံးရန် ဦးတည်ခဲ့ကြသည်။

အရှေ့မိတ်ဖက်နိုင်ငံများရှိ CyberEAST နှင့် အနောက်ဘော်လကန်ရှိ CyberSEE ကဲ့သို့သော အခြားစီမံကိန်းများသည် ဆိုက်ဘာမှုခင်းများဖြစ်သောဆိုက်ဘာတိုက်ခိုက်မှုများ၊ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုအားလုံးလည်းပါဝင်ပြီး ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် စီမံကိန်း၊ တရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာလေ့ကျင့်သင်ကြားရေး၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအတွက် အကူအညီများပေးခဲ့ကြသည်။

အခြားသောစီမံကိန်းများတွင် ဆိုက်ဘာမှုခင်းတစ်ခုတည်းကိုသာ အဓိကမထားသော်လည်း မှုခင်းများဖြစ်ပေါ်ရာနေရာများနှင့်စပ်ဆိုင်သည့် အရေးကြီးသောအချက်အလက်များနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုခင်းများသတင်းဖလှယ်ရေးနှင့် မှုခင်းများမျှတမှုဖြစ်စေရေးတို့သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းနှင့်သတင်းအချက်အလက်များဖလှယ်ခြင်းစသည့် အလေ့အကျင့်များကို မျှဝေပေးခြင်း၊ အကြမ်းဖက်ဝါဒနှင့်အီလက်ထရောနစ်အထောက်အထားများဖြန့်ဝေခြင်းအတွက် စွမ်းရည်မြှင့်တင်ရန် ထင်ရှားသော ကြိုးပမ်းဆောင်ရွက်မှုများလည်း ပါဝင်သည်။

အခြားသောစီမံကိန်းဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဆန့်ကျင်ရေး၌ ဥရောပ၊ လက်တင်အမေရိကအကူအညီပေးရေးအစီအစဉ် (EL PacCTO 2.0)သည် တောင်အမေရိကနှင့် ကာရစ်ဘီယံရှိ မှုခင်းများကိုနှိမ်နင်းရန်၊ တရားမျှတမှုနှင့် လုံခြုံရေးအဖွဲ့အစည်းများကို အားဖြည့်ပေးပြီး EU-LAC (Latin America, the Caribbean and the EU) လက်တင်အမေရိကနှင့် ကာရစ်ဘီယံဥရောပ

မိတ်ဖက်များတိုးပွားလာစေရေးတို့ကို အလေးထားသည်။ အဆိုပါအခြေအနေတွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆန့်ကျင်ရေး၌ ဥရောပ၊ လက်တင်အမေရိက အကူအညီပေးရေးအစီအစဉ်(EL PacCTO 2.0) သည် အွန်လိုင်းမှုခင်းများကို ဆန့်ကျင်သည့်ဆောင်ရွက်ချက်နှင့် ဒစ်ဂျစ်တယ်အထောက်အထားများ ဖလှယ်ရေးတို့အားတိုးတက်စေရန် တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://home-affairs.ec.europa.eu/news/eu-supporting-capacity-building-against-cybercrime-2025-11-27_en

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၃ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

## ဥရောပသမဂ္ဂတရားရုံးမှ Amazon သည် တိုးမြှင့်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်လိုအပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း

ဥရောပသမဂ္ဂ၏ အထွေထွေတရားရုံးက နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန်နိုင်ငံ၏ ကြီးမားသောကုန်စည်ရောင်းချနေသည့် Amazon ကုမ္ပဏီသည် Digital Services Act အရ အလွန်ကြီးမားသော အွန်လိုင်းပလက်ဖောင်း Very Large Online Platform (VLOP)တစ်ခုအဖြစ် သတ်မှတ်ထားခြင်းခံရသော ကုမ္ပဏီမှ လိုက်နာရမည့် ဥရောပသမဂ္ဂ၏ အွန်လိုင်းပလက်ဖောင်းဆိုင်ရာ အတင်းကြပ်ဆုံးသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း ချမှတ်ခဲ့ပါသည်။

အဆိုပါကိစ္စရပ်တွင် Online Market ကုမ္ပဏီဖြစ်သည့် Amazon က အလွန်ကြီးမားသော အွန်လိုင်းပလက်ဖောင်း(VLOP)အဖြစ် သတ်မှတ်ခြင်းသည် ဥရောပသမဂ္ဂ၏ အခြေခံအခွင့်အရေးများဆိုင်ရာပဋိညာဉ်စာတမ်းအရ အာမခံပေးထားသည့် စီးပွားရေးလုပ်ငန်းအား လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်ကဲ့သို့သော အခြေခံအခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ Digital Services Act ပါ တာဝန်ဝတ္တရားများတွင် သိသာထင်ရှားသော ကုန်ကျစရိတ်များ၊ ရှုပ်ထွေးသောကုမ္ပဏီ ဖွဲ့စည်းမှုနှင့် နည်းပညာဆိုင်ရာ ဖြေရှင်းပေးရန်လိုအပ်သည့် အကြပ်အတည်းများသာ ပါဝင်လိမ့်မည်ဖြစ်ကြောင်း ငြင်းဆိုခဲ့ပါသည်။ထို့ပြင် ယင်းဥပဒေပါ တာဝန်ဝတ္တရားများသည် ၎င်း၏ စီးပွားရေးအရင်းအမြစ်များကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို သိသိသာသာ ထိခိုက်စေသကဲ့သို့ ၎င်း၏ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးကို ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်ကြောင်း ငြင်းဆိုခဲ့ပါသည်။

သို့ရာတွင် တရားရုံးက Amazon၏ ငြင်းဆိုချက်များကို ပယ်ချခဲ့ပြီး ချမှတ်ထားသော စည်းမျဉ်းများသည် တင်းကြပ်သည်ကို အသိအမှတ်ပြုသော်လည်း အဓိကကျသော စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာလည်ပတ်ခြင်းကို ဟန့်တားခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ Digital Services Act (DSA)၏ တာဝန်ဝတ္တရားများသည် ပိုင်ဆိုင်မှုအခွင့်အရေးများအပေါ်တွင် တာဝန်ရှိစေခြင်းမဟုတ်ဘဲ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုများအပေါ်တာဝန်ရှိစေခြင်းဖြစ်ပြီး အလွန်ကြီးမားသော အွန်လိုင်းပလပ်ဖောင်းများ ( Very Large Online Platform -VLOP)အနေဖြင့် ၎င်းတို့၏ဝန်ဆောင်မှု

များအပေါ် ပိုင်ဆိုင်ခွင့်နှင့်ထိန်းချုပ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း၊ Digital Services Act (DSA) သည် ကုမ္ပဏီ၏ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးကိုဆက်လက်၍ ဝင်ရောက်စွက်ဖက်သည့်တိုင်အောင် အဆိုပါဝင်ရောက်စွက်ဖက်မှုများထက် စျေးကွက်တွင်းအန္တရာယ်ရှိမှုများကိုကာကွယ်ပေးလိုသည့် ဥရောပသမဂ္ဂ၏ဥပဒေပြုခြင်းဆိုင်ရာ ရည်မှန်းချက်က ပိုမို အရေးပါကြောင်း ဖော်ပြခဲ့ပါသည်။

ဥရောပသမဂ္ဂမှ အလွန်ကြီးမားသော အွန်လိုင်းပလက်ဖောင်း(VLOP)အဖြစ် သတ်မှတ်ရာတွင် တစ်လလျှင် အသုံးပြုသူ ၄၅ သန်း သို့မဟုတ် ဥရောပသမဂ္ဂလူဦးရေ၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်းပလက်ဖောင်းများကို အလွန်ကြီးမားသော အွန်လိုင်းပလက်ဖောင်း (VLOP)အဖြစ် သတ်မှတ်ပါသည်။ အဆိုပါကုမ္ပဏီကြီးများသည် ယင်းတို့၏ကုမ္ပဏီအရွယ်အစားနှင့် အနေအထားတို့ကြောင့် စောင့်ကြပ်ကြည့်ရှုခများ၊ ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှု လိုအပ်ချက်များ၊ စျေးကွက်တွင်း အန္တရာယ်ရှိမှုများကို ခန့်မှန်းခြင်းနှင့် အစီရင်ခံတင်ပြခြင်းနှင့် မမှန်ကန်သော သတင်းအချက်အလက်များနှင့် အတုအပကုန်စည်များကိုတိုက်ဖျက်ရန် တာဝန်ရှိခြင်းတို့ အပါအဝင် တိုးမြှင့်ထားသည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပါသည်။ ဥရောပသမဂ္ဂအဖွဲ့သည် ၂၀၂၂ ခုနှစ်ကတည်းကပင် online platforms အခု ၂၀ ကို အလွန်ကြီးမားသော အွန်လိုင်းပလက်ဖောင်း (VLOP) အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/11/eu-court-rules-amazon-must-comply-with-heightened-regulatory-requirements/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

